# အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် (၀၁၁/ ၂၀၂၅)

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

**ရနောင်း ⇋ ရန်ကုန် ကုန်သေတ္တာစနစ်ဖြင့် တင်သွင်းတင်ပို့သူများ သိရှိနိုင်ပါရန်**

၁။ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးအတွက် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ရနောင်း ⇋ ရန်ကုန် ကုန်သေတ္တာစနစ်အား အသုံးပြု၍ တင်သွင်း/ တင်ပို့မှု ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို အကောက်ခွန်ဦးစီးဌာန၏ ၄-၆-၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၃/၂၀၂၄ ၏ စံပြုလုပ်ငန်းစဉ်တွင် Manual နည်းလမ်းဖြင့် ဆောင်ရွက်သွားရန် ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ ရနောင်း ⇋ ရန်ကုန် ကုန်သေတ္တာစနစ်ဖြင့်တင်သွင်းတင်ပို့မှုများအတွက် ကြေညာလွှာဖွင့်လှစ်ခြင်းကို လက်ရှိဆောင်ရွက်နေသော Manual နည်းလမ်းအစား ၁ - ၁၀ - ၂၀၂၅ ရက်နေ့မှ စတင်၍ MACCS စနစ်ဖြင့် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ Declarant များအနေဖြင့် ကြေညာလွှာတွင် မိမိတို့၏တင်သွင်း/တင်ပို့မှုနှင့် သက်ဆိုင်သောအချက်အလက်များကို မပျက်မကွက်ဖြည့်စွက်ရမည်ဖြစ်ပြီး ရနောင်း ⇋ ရန်ကုန် ကုန်သေတ္တာစနစ်ဖြင့်တင်သွင်းတင်ပို့မှုများအတွက် အထူးဂရုပြုဖြည့်စွက်ရမည့် အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Declaration တွင် ဖြည့်စွက်ရမည့် အချက်များ | Code |
|---|---|
| Station | A1 |
| Section | 11 |
| Mode of Transport | 1 |
| Loading/Unloading Location | MMRGN (For Yangon)<br>THRNN (For Ranong) |

၃။ အသေးစိတ်သိရှိလိုပါက MACCS ဌာနခွဲ၏ Help Desk Section (01-379429) သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**